ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (25-12-2010)(၆၆၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားတွေဟာ ကိုယ့်နိုင်ငံအတွင်း နေရာတိုင်း ဒေသတိုင်းမှာ အတူတကွ နေထိုင်လာကြ ဒါဟာ တိုးတက်ကောင်းမွန်လာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ ပြယုဂ်တစ်ခုဖြစ်

တည်ဆောက်ပေးထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေအနေကို ခိုင်မာသည်ထက် ခိုင်မာအောင် ပိုမိုတည်ဆောက်ကြဖို့နဲ့ ပြည်ထောင်စုပြိုကွဲမယ့်စိတ်ကူးမှန်သမျှ မကြံစည်မိကြဖို့လို

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ရဲဘော်တို့ -

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ -

ဒီနိုင်ငံဟာ ရှေးပဝေသဏီကတည်းက တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော် ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြတဲ့ နိုင်ငံဖြစ်တယ်။ တိုင်းရင်းသားအားလုံးဟာ အသီးတစ်ရာ အညှာတစ်ခုပမာ ဒီမြေဒီရေမှာပဲ ပေါက်ဖွားခဲ့ကြတာဖြစ်တယ်။

ဒီနိုင်ငံရဲ့ ရေမြေသဘာဝဟာ သွားရေးလာရေး ခက်ခဲလောက်အောင် မြင့်မားတဲ့တောင်ကုန်း တောင်တန်းကြီးတွေ၊ မြောက်နဲ့ တောင်အလျားလိုက် ရှည်လျားစွာ စီးဆင်းနေတဲ့ မြစ်ကြီးတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် ဒီတိုင်းရင်းသားတွေဟာ နီးလျက်နဲ့ဝေးခဲ့ရတယ်။ ဒါ့အပြင် သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်ခဲ့တဲ့ကာလမှာ စနစ်တကျ သွေးခွဲအုပ်ချုပ်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ကြရတယ်။ တစ်ဦးအပေါ်တစ်ဦး သံသယတွေဝင်ခဲ့ကြတာမို့ လွတ်လပ်ရေးကြိုးပမ်းတဲ့ကာလမှာ ပြည်မနဲ့ တောင်တန်းဒေသ လွတ်လပ်ရေးကို အတူတကွယူကြဖို့ ဒီခေါင်းဆောင်တွေက အားစိုက်ခွန်စိုက် ကြိုးပမ်းခဲ့ကြရတာဖြစ်တယ်။

လွတ်လပ်ရေးရပြီးတဲ့အခါကျတော့လည်း အချင်းချင်း သံသယစိတ်တွေပြင်းထန်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ ရောင်စုံသောင်းကျန်းသူတွေ ပေါ်ပေါက်ခဲ့ပြန်တယ်။

ဒါကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရတဲ့ကာလအတွင်းမှာ ကားလမ်းတွေ၊ ရထားလမ်းတွေနဲ့ လေယာဉ်ကွင်းတွေကို ပြည်နယ်အသီးသီးအထိ အရှေ့အနောက်၊ တောင်မြောက် ယှက်သွယ်ပြီး ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်တယ်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာတာနဲ့အညီ တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှု **စာမျက်နှာ ၃ ကော်လံ ၁ သို့**

၂၅-၁၂-၂၀၁၀
(စနေနေ့)

ကျေးလက်ဖွံ့ဖြိုးရေး ဖော်ညွှန်းနေသည့် စံပြကျေးရွာများ

မြန်မာ့ကျေးလက်ဒေသများတွင် နိုင်ငံလူဦးရေ၏ အများစုနေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသများ၏ စီးပွားရေးအခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစွာရရှိစေရေး ဖန်တီးဖော်ဆောင်ပေးနေသည်။ ဆည်တမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ဒေသအလိုက် ဆည်ကန်အစုအဖွဲ့များ တည်ဆောက်ပေးထားရာ သီးနှံစုံတိုးချဲ့စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပေပြီ။

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာပြီး လူနေမှုအဆင့်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးလုပ်ငန်းများ ပါဝင်သည်။ ကျေးရွာချင်းဆက်သွယ်သည့်လမ်းများ၊ မြို့ပြနှင့်ကျေးလက် ဆက်သွယ်သည့်လမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ အချို့မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးမှုကြောင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်မှု အကျိုးပြုလမ်းများကို တွေ့မြင်နေရပေပြီ။

ထိုနည်းတူ ဒေသအလိုက် အခြေခံပညာကျောင်းဆောင်သစ်များ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး အဆောက်အအုံများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်နေပြီ။ ကျေးလက်ဒေသနေ လူငယ်လူရွယ်များ၏ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တိုးတက်လာသည်။ ဒေသခံပြည်သူများ၏ အသိအမြင် ဗဟုသုတများ တိုးပွားမြင့်မားလာနေပြီ ဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တန်ဖဲရွာအနီး အောင်မြင်သာစံပြကျေးရွာ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က အဆိုပါ စံပြကျေးရွာ၌ ကျင်းပခဲ့သည်။ စံပြကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲ၊ မြစ်ကြီးနား-မြစ်ဆုံလမ်းပိုင်း ကွန်ကရစ်လမ်းနှင့် တံတားများဖွင့်ပွဲတို့ကိုလည်း ကျင်းပခဲ့သည်။

ကျေးလက်ဒေသများ၌ တိုက်နယ်ပြည်သူ့ဆေးရုံသစ်များ၊ ဆေးကုသဆောင်များ၊ ဆေးပေးခန်းများ ဆက်လက်ဖွင့်လှစ်လျက်ရှိရာ သက်ဆိုင်ရာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်လျက်ရှိသည်။ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုနည်းတူ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါမကူးစက်စေရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေးတို့အတွက် ကျေးလက်အရောက် ကျန်းမာရေးအသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြား ပေါ်ပေါက်လာလျက်ရှိပြီ။ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ငွေအား၊ လူအား၊ စေတနာအားဖြင့် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိရာ လူမှုစီးပွားဘဝမြင့်မားလာနေသော မြန်မာ့ကျေးလက်တစ်ခွင်ကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။
(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း

ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ခင်ဦး အထက (၁၄)ကြိမ်မြောက် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ခင်ဦး ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် သီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးစိန်လင်း(ရွှေဆိုင်) ဖုန်း-၀၇၅-၇၀၀၇၂၊ ဦးခင်မောင်အေး(စီး/ဘဏ်)ဖုန်း-၀၇၅-၇၀၀၂၄နှင့် ဦးကျော်ဆွေ ဖုန်း-၀၉-၆၄၆၀၃၀၄၀၊ ၀၇၅-၇၀၃၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ခရစ္စမတ်နေ့တွင် လော်ကားဥယျာဉ် အချိန်တိုး၍ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုဆိုရင် တိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ခံစားနေကြရပြီဖြစ် ဒီအခြေခံကောင်းတွေကတစ်ဆင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြလိမ့်မယ် မျှော်လင့်

❑ ရွှေဖုံးမှ

တိုးတက်ခိုင်မြဲလာရုံသာမက ပြည်နယ်တွေရဲ့စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်တယ်။

ရဲဘော်တို့ -

ဒို့တိုင်းရင်းသားတွေဟာ ကိုယ့်နိုင်ငံအတွင်း ဘယ်နေရာမှာမဆို အခြေချနေထိုင်ခွင့်ရှိတာနဲ့အညီ နေရာတိုင်း ဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံ အတူတကွ နေထိုင်လာကြတယ်။ ယနေ့အချိန်အခါဟာ လူမျိုးတစ်မျိုးစီ တသီးတသန့် ပြန်ပြီးခွဲခြားလို့မရတော့သလို အဲဒီလို ပြည်နယ်စွဲ စိတ်ဓာတ်မျိုးကိုလည်း တိုင်းရင်းသားပြည်သူအပေါင်းက စိတ်ကူးထဲတောင် မထည့်တော့တဲ့ ကာလဖြစ်တယ်။ ဒါဟာ တိုးတက်ကောင်းမွန်လာတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရဲ့ ပြယုဂ်တစ်ခု ဖြစ်တယ်။ ဒီလိုတည်ဆောက်ပေးထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေအနေကို ခိုင်မာသည်ထက် ခိုင်မာအောင် ပိုမိုတည်ဆောက်ကြဖို့နဲ့ ပြည်ထောင်စုပြိုကွဲမယ့် စိတ်ကူးမှန်သမျှ မကြံစည်မိကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့ -

နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်တွေဟာ ပြည်တွင်းဆူပူမှုဒဏ်တွေကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်။ ဒီအဖြစ်တွေကို တောအန္တံ့ တောင်အန္တံ့ ရောက်ခဲ့ရတဲ့ ဒို့တပ်မတော်သားတွေဟာ ကိုယ်ချင်းစာတရားနဲ့ ကရုဏာသက်ခဲ့တယ်။ ဒါကြောင့်လည်း တပ်မတော်က တိုင်းပြည်တာဝန်ကို ယူရတဲ့အချိန်မှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့တယ်။ နောက်ပိုင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွင့်လှစ်ပြီး တိုင်းရင်းသားတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ အလေးအနက်ဆောင်ရွက်ခဲ့တာ ယနေ့ထက်တိုင်အောင် ဖြစ်တယ်။ ယခုဆိုရင် တိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ခံစားနေကြရပြီ ဖြစ်တယ်။ နောင်တက်လာမယ့် အစိုးရအဆက်ဆက်ကလည်း ဒီအခြေခံကောင်းတွေကတစ်ဆင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြလိမ့်မယ်ဆိုတာ ယုံကြည်မျှော်လင့်ကြောင်း ပြောကြားလိုတယ်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

ရဲဘော်တို့ -

ရဲဘော်တို့ဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝဖို့ လိုအပ်တယ်။ လက်ရုံးရည်နဲ့ နှလုံးရည်ဆိုတာ အပြန်အလှန်အထောက်အကူပြုနေတဲ့ အရည်အသွေးတွေဖြစ်တယ်။ တပ်မတော်မှာ လက်ရုံးရည်ဆိုတာ တိုက်ရည်ခိုက်ရည် ဖြစ်တယ်။ နှလုံးရည်ကတော့ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနဲ့ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ဖြစ်တယ်။ **သမားဇာနည် အောင်စစ်သည်** ဖြစ်တဲ့ ရဲဘော်တို့ဟာ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝပြီး စစ်မြေပြင်မှာ အောင်နိုင်တဲ့ စစ်သည်တော်

တွေဖြစ်သလို တပ်မတော်ဆေးတပ်ဖွဲ့ရဲ့ဂုဏ်ကို တောက်ပြောင်စေမယ့် ဆေးပညာရှင်များလည်း ဖြစ်ကြရမယ်။

ရဲဘော်တို့ -

လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်ဟာ ကျန်းမာရေးပဲ ဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ နိုင်ငံတော်မှာ အဆင့်မြင့်ဆေးပညာရှင်များ မွေးထုတ်ပေးရေး၊ ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ရေးတို့ကို အလေးထားဆောင်ရွက်ခဲ့တယ်။ အထူးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးခဲ့တယ်။

နိုင်ငံတော်အတွက် ဆေးပညာရှင်တွေ မွေးထုတ်ပေးတဲ့နည်းတူ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများ မွေးထုတ်ပေးရန်** ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်တယ်။

ရဲဘော်တို့ -

တပ်မတော်ဆေးတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ဟာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဖြစ်တယ်။ ဒီရည်မှန်းချက် အောင်မြင်ဖို့အတွက် **စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ** ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ထမ်းဆောင်ကြရမှာ ဖြစ်တယ်။

ရဲဘော်တို့ဟာ စစ်မြေပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် နယ်မြေဒေသအလိုက် ဖြစ်ပွားလေ့ရှိတဲ့ ရောဂါမျိုးတွေကို သုတေသနပြု မှတ်တမ်းတင်ထားရမယ်။ ဒါ့အပြင် စစ်ပွဲအတွင်း သုံးစွဲလာတဲ့ လက်နက်ဆန်းတွေရဲ့ အန္တရာယ်ကနေ ကာကွယ်ဖို့နဲ့ ဖြစ်နိုင်တဲ့ ထိခိုက်ဒဏ်ရာရမှုတွေကိုလည်း

တက်ရောက်ကြသူများ

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

လေ့လာထားရမယ်။ ဒါကြောင့် စစ်ပညာနဲ့ ဆေးပညာကို အစဉ်တစိုက်ယှဉ်တွဲလေ့လာနေကြဖို့ လိုအပ်ကြောင်း မှာကြားလိုတယ်။

ရဲဘော်တို့ -

စစ်မြေပြင်ဆိုတာ အစစအရာရာမပြည့်စုံမှု၊ မလောက်ငမှုတွေနဲ့ ကြုံတွေ့ရတတ်တယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုဟာ အရေးကြီးတယ်။ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ကြုံတွေ့ရသည်ဖြစ်စေ ရောဂါကြိုတင်ကာကွယ်မှုကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ဆောင်ရွက်ခြင်းဖြင့် တိုက်ခိုက်ရေးအင်အားလျော့ပါးမှုမရှိအောင် ထိန်းသိမ်းပေးရမယ်။ စစ်မြေပြင်ဆိုင်ရာ ကျန်းမာရေးနဲ့ သန့်ရှင်းရေး စည်းကမ်းတွေကို သက်ဆိုင်ရာတပ်မှူးတွေနဲ့ ညှိနှိုင်းပြီး ထုတ်ပြန်ထားရမယ်။ အဆင့်အတန်းအားလုံးက လိုက်နာအောင်လည်း ကြပ်မတ်ပေးရမယ်။ ဒ့ါအပြင် စစ်တပ်ဆိုတာ လူအများစုပေါင်းနေထိုင်ကြတာဖြစ်တဲ့အတွက် ကူးစက်ရောဂါ ပြန့်ပွားခြင်းမရှိအောင်လည်း ဆောင်ရွက်ရမယ်။ ကျန်းမာရေးစောင့်ရှောက်မှုမှာ အသိပညာပေးရေးနဲ့ ကြိုတင်ကာကွယ်ရေးဟာ အရေးကြီးကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့ -

ရဲဘော်တို့ဟာ ဆေးဘက်ဆိုင်ရာ ခေါင်းဆောင်ငယ်များဖြစ်ကြတယ်။ ခေါင်းဆောင်မှုဆိုတာ ကိုယ်ရည်ကိုယ်သွေးပဲဖြစ်တယ်။ မိမိကိုယ်၌က စံပြဖြစ်အောင် ကြိုးစားအားထုတ်ပြီး ငယ်သားတွေရဲ့ လေးစားကြည်ညိုမှုကို ရယူရမယ်။ အလားတူပဲ ဆေးပညာရှင်တွေ ဖြစ်တဲ့အတွက် လူနာတွေရဲ့ ယုံကြည်ကိုးစားမှု ရရှိအောင်လည်း ကြိုးပမ်းရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ အောင်မြင်တဲ့ သမားဇာနည်တွေ ဖြစ်လိမ့်မယ်ဆိုတာ မှာကြားလိုတယ်။

ရဲဘော်တို့ -

နိဂုံးချုပ်အားဖြင့်ပြောကြားရရင်-

- **ဘာပဲလုပ်လုပ် ဘာပဲကိုင်ကိုင် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာရောက်အောင် ဆောင်ရွက်ကြပါ။**
- **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေးမှာ စစ်ပညာ၊ ဆေးပညာတို့နဲ့ ပါဝင်ကြိုးပမ်းကြပါ။**
- **အောင်မြင်တဲ့ စစ်ဘက်ခေါင်းဆောင်နဲ့ ဆေးဘက်ပညာရှင်ဖြစ်အောင် အားထုတ်ကြပါ။**
- **တပ်မတော်သားများနဲ့ မိသားစုဝင်များသာမက ရောက်ရာဒေသက မိဘပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။** ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းအား နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးများ၏ စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့၊ သပ်ရပ်မှုရှိရေး၊ အန္တရာယ်ကင်းစွာ ကြည့်ရှုအားပေးနိုင်ရေးတို့ကို မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၏ အထူးတန်းပွဲကြည့်စင် အပါအဝင် အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ပွဲကြည့်စင် အခြေအနေများ၊ ပြေးလမ်းများနှင့် ဘောလုံးကွင်း ဖွဲ့စည်းတည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးအား ဘောလုံးကွင်း၏ မြောက်ဘက်ယာယီရှင်းလင်းဆောင်၌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းသည် သင်္ဃန်းကျွန်းမြို့နယ်၌ တည်ရှိပြီး ရန်ကုန်မြို့လယ်မှ ခြောက်မိုင်ကွာဝေးပါကြောင်း၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်း၏ အကျယ်အဝန်းမှာ ၃၁ ဧက ရှိပြီး ဘောလုံးကွင်းဧရိယာမှာ ၂၁ ဧက ရှိပါကြောင်း၊ ယခု လက်ရှိ ဘောလုံးကွင်းကို မြန်မာ-ဂျပန် ချစ်ကြည်ရေးအစီအစဉ်အနေဖြင့် ၁၉၈၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ပရိသတ် ၂၀၀၀၀ ဝင်ဆံ့ပါကြောင်း။

သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း တိုးချဲ့တည်ဆောက်သွားမည့် ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုးချဲ့တပ်ဆင်

ယခုအခါ ဘောလုံးကွင်း၏ အနောက်ဘက် အထူးတန်းတွင် အမိုးရှိပြီးဖြစ်၍ ထိုင်ခုံများ တိုးချဲ့တပ်ဆင်သွားမည် ဖြစ်ပါကြောင်း၊ အရှေ့ဘက်ပွဲကြည့်စင်၌ အမိုးနှင့် ထိုင်ခုံများကို တိုးချဲ့တပ်ဆင်ပြီး တောင်ဘက်နှင့် မြောက်ဘက် ပွဲကြည့်စင်များ၌ ထိုင်ခုံများသာ တိုးချဲ့ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဘောလုံးကွင်း ပွဲကြည့်စင်များ တိုးချဲ့သည်နှင့်အညီ Score Board၊ မီးတိုင်ကြီးများ၊ ယာဉ်ရပ်နားစခန်းများ၊

စာမျက်နှာ ၅ ကော်လံ ၅ သို့❖

❖ စာမျက်နှာ ၄ မှ

နားနေဆောင်များ၊ အစည်းအဝေးခန်းများ၊ စားသောက်ဆိုင်များကိုပါ ထည့်သွင်းတိုးချဲ့ တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ဘောလုံးကွင်း ပွဲကြည့်စင် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း စတင်နိုင်ရေးအတွက် ပန္နက်တင်အခမ်းအနား ကျင်းပခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးက သိရှိလိုသည်များကို မေးမြန်းပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးများ၏ စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့မှု၊ သပ်ရပ်မှုရှိရေး၊ ပွဲကြည့်ပရိသတ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် ကြည့်ရှုအားပေးနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ဘောလုံးကွင်းတိုးချဲ့ တည်ဆောက်ရန် မြေယာပြုပြင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရန် မြေယာပြုပြင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပရက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၁ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို အောက်ဖော်ပြပါနေ့ရက်များအလိုက် ကျင်းပမည် ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ တန်ခူးလဆန်း ၅ ရက်(သောကြာနေ့)အထိ (၃၀-၃-၂၀၁၁ မှ ၈-၄-၂၀၁၁)အထိ (၃-၄-၂၀၁၁)(တနင်္ဂနွေနေ့)မှအပ ကျင်းပမည်။

ပထမပြန်စာမေးပွဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့၌ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်(တနင်္လာနေ့)မှ တပေါင်းလပြည့်ကျော် ၉ ရက် (တနင်္လာနေ့)အထိ (၂၁-၃-၂၀၁၁ မှ ၂၈-၃-၂၀၁၁)အထိ (၂၇-၃-၂၀၁၁)တပ်မတော်နေ့မှအပ ကျင်းပမည်ဖြစ်ပြီး ကချင်၊ ချင်း၊ ကရင်၊ ကယားနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်(ဗုဒ္ဓဟူးနေ့)မှ တန်ခူးလဆန်း ၃ ရက် (ဗုဒ္ဓဟူးနေ့)အထိ (၃၀-၃-၂၀၁၁ မှ ၆-၄-၂၀၁၁) အထိ (၆-၄-၂၀၁၁)(တနင်္ဂနွေနေ့)မှအပ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 နှင့် M-7တို့တွင် ရေနံရှာဖွေရေးတွင်း(၂)တွင်းကို ရေနံတွင်းတူးစက် Jack -up Drilling Rig West Juno ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ဧပြီ ၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Jack -up Drilling Rig West Juno ဖြင့် တူးဖော်မည့် ရေနံတွင်းများ၏ တည်နေရာများမှာ Block M-7 တွင် Aung Sinkha -1 ရေနံတွင်း Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၃ မိနစ် ၃၅ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၅၀ ဒသမ ၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၃ မိနစ် ၃၅ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၆ မိနစ် ၀၄ ဒသမ ၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ မိနစ် ၂၅ ဒသမ ၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၆ မိနစ် ၀၄ ဒသမ ၄ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ မိနစ် ၂၅ ဒသမ ၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၅၀ ဒသမ ၆ စက္ကန့်တွင် လည်းကောင်း၊ Block M-3 တွင် Aung Sinkha -2 ရေနံတွင်း Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၂ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၃၀ ဒသမ ၃၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၂ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၂၉ ဒသမ ၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၃ ဒသမ ၄၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၃ ဒသမ ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၄ ဒသမ ၅၁ စက္ကန့်အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 နှင့် M-7 တို့တွင် ရေနံရှာဖွေရေး တွင်း(၂)တွင်းကို ရေနံတွင်းတူးစက် Jack -up Drilling Rig West Juno ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါရေနံတွင်း တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၂-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၂၀ ၄။ အဖွင့်သီချင်း
- ၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၅)**
- ၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း ဘဝဆက်တိုင်း လွင်မိုး၊ နဝရတ်၊ ရတနာခင် [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
- ၁၃း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၆)**
- ၁၄း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၁၅း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၃၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၃၃ ၄။ အဖွင့်သီချင်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၀၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၅း၂၀ ၁၀။ ကုန်သွယ်သုတ
- ၅း၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၅ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ စားဖိုဆောင်ချစ်သူ
- ၆း၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၉)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ လူ့ရွှင်တော်စကား
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၉)**
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၃)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

မျက်မှောက်ကာလ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လိုအပ်ချက်ဟာဘာလဲ

ယနေ့ကာလမှာ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တပ်မတော်အစိုးရကို အတိုက်အခံနိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ သောင်းကျန်းသူလက်ကျန်တွေနဲ့ တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းသူတွေက တိုက်တွန်းနေသလို တောင်းဆိုနေသူတွေကလည်း တောင်းဆိုနေကြပါတယ်။

ဒီလိုတိုက်တွန်းတောင်းဆိုမှုတွေဟာ ခုမှဖြစ်ပေါ်လာတာမဟုတ်ဘဲ မြန်မာနိုင်ငံအစိုးရအဆက်ဆက်မှာ တိုက်တွန်းတောင်းဆိုမှုတွေရှိခဲ့သလို ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရအဆက်ဆက်တို့ဟာလည်း အစိုးရဆန့်ကျင်ရေး အင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့ပါတယ်။

သို့သော် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရသင့်သလောက်မရရှိခဲ့ပါ။ ဘာ့ကြောင့်လဲ။ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကွဲပျက်စေတဲ့အကြောင်းတရားအမှန်တွေကို အလေးအနက် ပြန်လည်သုံးသပ်ဝေဖန်ဆန်းစစ်မှုတွေမရှိခဲ့ဘဲ အစိုးရဆန့်ကျင်ရေးအင်အားစုတွေက ပါတီတစ်ခု၊ လူမျိုးတစ်စုရဲ့ အလိုဆန္ဒအကျိုးစီးပွားကို ညီညွတ်ရေးအခြေခံတရားအဖြစ် တရားသေ ဆုပ်ကိုင်တောင်းဆိုနေကြတဲ့အတွက်ဖြစ်တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာတော့ နိုင်ငံတော်အစိုးရရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေး တည်ဆောက်ရေးလုပ်ငန်းများကို ကာယကံမြောက်တွေ့မြင်လာရတာရယ်၊ လက်နက်ကိုင်အကြမ်းဖက် သောင်း ကျန်းမှုလုပ်ငန်းရဲ့အမှားနဲ့ အနိဋ္ဌာရုံတွေကို ကိုယ်ပိုင်အတွေ့အကြုံနဲ့ သိမြင်လာခဲ့တာရယ် တို့ကြောင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင် အဖွဲ့ကြီး (၁၇) ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်းများစွာဟာ အတိုက်အခိုက်ရပ်စဲပြီး ညီညွတ်ရေးတည်ဆောက်နိုင်ခဲ့သလို လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့တဲ့အင်အားစုတွေဟာလည်း (၁၅) ဖွဲ့လောက်ရှိခဲ့ပါတယ်။

အမှန်ကတော့ စစ်မှန်ခိုင်မြဲတဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးကို ရရှိနိုင်ဖို့အတွက် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ မိမိတို့ တိုင်းပြည် အမှန်တကယ်ရောက်ရှိနေတဲ့ စီးပွားရေးရုပ်ဘဝအခြေအနေကို မှန်ကန်စွာ သိနားလည်ပြီး ထိုစီးပွားရေးရုပ်ဘဝအခြေအနေမှ မိမိတို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်တဲ့စီးပွားရေး၊ နိုင်ငံရေးလမ်းစဉ်(မဟာဗျူဟာနှင့် နည်းဗျူဟာတို့ကို) မှန်ကန်စွာ သိနားလည်ထားရန် လိုအပ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံရဲ့ လူ့အဖွဲ့အစည်းရုပ်ဘဝဟာ ပဒေသရာဇ်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း အခြေအနေသာ ရှိခဲ့ပါတယ်။

ဒီရုပ်ဘဝ အခြေအနေကနေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကအားဖြင့် စီးပွားရေးအရ ဈေးကွက်စီးပွားရေးနဲ့ နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ်ကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်သောခွန်အားဖြင့် တည်ဆောက်ဖို့လိုအပ်ပါတယ်။

သို့သော် ရုရှားပြည်မှာ အောက်တိုဘာတော်လှန်ရေး အောင်ပွဲဆင်နွှဲခဲ့ပြီး ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံ ထူထောင်ခဲ့တာရယ်၊ ဒုတိယကမ္ဘာစစ်မှာ ဆိုဗီယက်တပ်နီတော်ရဲ့ အောင်ပွဲရမှုတွေရယ်တို့ကြောင့် အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးစိတ်ကူးယဉ်လက်ဝဲစွန်း ဆိုရှယ်လစ်ဝါဒ ကမ္ဘာမှာခေတ်စားလာခဲ့တာနဲ့ အမျှ မြန်မာနိုင်ငံ ကွန်မြူနစ်တွေအတွင်းမှာ ဒီဆိုရှယ်လစ်အယူများ လွှမ်းမိုးခဲ့တာကြောင့် ကွန်မြူနစ်တွေဟာ အင်္ဂလိပ်အစိုးရနဲ့ ငြိမ်းချမ်းစွာ ဆွေးနွေးရယူခဲ့တဲ့ လွတ်လပ်ရေးကို "အတုအယောင် လွတ်လပ်ရေး

ကျော်မြင့်နိုင်

ဖြစ်တယ်။ ဒါဟာ အင်္ဂလိပ်နယ်ချဲ့သမားနဲ့ ဗမာတိုင်းရင်းသား နေရှင်လူတန်းစားတို့ ပေါင်းသွားတာသာဖြစ်တဲ့အတွက် နှစ်ထပ်ကျွန်ဘဝသို့ ဆိုက်ရောက်ခဲ့တာသာ ဖြစ်တယ်" ဆိုတဲ့ အယူမှားကြောင့် ကွန်မြူနစ်တွေဟာ ဖဆပလအစိုးရကို မဟာမိတ်အဖြစ် သဘောထားလက်တွဲပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ် ဖြစ်ထွန်းတိုးတက်အောင် လုပ်ရမည့်အစား သပိတ်အစုံသူပုန်ထရေးလမ်းစဉ်နဲ့ ဖဆပလအပြုတ်တိုက်ပြီး ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီအမှားကြောင့် ရောင်စုံသောင်းကျန်းမှုကြီး ဖြစ်ပေါ်ခဲ့ရကာ အမျိုးသားညီညွတ်ရေးကြီး ပြိုကွဲခဲ့ရပါတယ်။

ဆယ်စုနှစ်တစ်ခုကျော် ကြာလာတဲ့အခါ ထုတဲ့ဥသျှစ် (ရောင်စုံသောင်းကျန်းသူတွေ)ရော ခံတဲ့ဥသျှစ်(ဖဆပလအစိုးရ)ပါ ပြိုကွဲပျက်စီးလာခဲ့ပြီး ဖဆပလအစိုးရကလည်း နိုင်ငံတော် အချုပ်အခြာအာဏာတည်မြဲရေးနဲ့ ပြည်ထောင်စုမပြိုကွဲရေးကို မထိန်းသိမ်းနိုင်၊ ရောင်စုံသောင်းကျန်းသူတွေကလည်း နိုင်ငံတော်အာဏာကို ရယူနိုင်စွမ်းမရှိခဲ့ကြတာကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တော်လှန်ရေးကောင်စီအစိုးရဖြစ်ပေါ်ခဲ့ရပြီး စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒကို မလွန်ဆန်နိုင်ခဲ့တာကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဖြစ်ပေါ်ခဲ့ရပါတယ်။

ထိုမှတစ်ဆင့် ၂၆ နှစ်အကြာမှာ ၁၉၈၈ ခုနှစ် လူထုဆူပူအုံကြွမှုကြီးဖြစ်ပေါ်လာခဲ့ပြီး မှန်ကန်တဲ့ နိုင်ငံရေး ဦးဆောင်မှု မရှိခဲ့တာကြောင့် မင်းမဲ့တိုင်းပြည်အသွင်သို့ ဆိုက်ရောက်ခဲ့ရပြန်တဲ့အတွက် သမိုင်းရေးလိုအပ်ချက်အရ နဝတအစိုးရ ဖြစ်ပေါ်လာခဲ့ပြန်ပါတယ်။

နဝတအစိုးရက နိုင်ငံတော်ကိုတာဝန်ယူကာ တိုင်းပြည်နဲ့ပြည်သူတွေကို မင်းမဲ့ဘေးမှကယ်တင်ခဲ့ပြီး ပြည်သူတွေမလိုလားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းကာ ပြည်သူ့ဆန္ဒအမှန်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကိုဖွင့်ပေးခြင်းဖြင့် ဒီမိုကရေစီတံခါးကို ဖွင့်ပေးခဲ့တယ်။

သို့သော် ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေဟာ နဝတအစိုးရရဲ့ ဒီမိုကရေစီရေးလုပ်ဆောင်ချက်ကို ဒီမိုကရေစီရေးချိုးနှိမ်ပြီး စစ်တပ်က အာဏာသိမ်းတာဖြစ်တယ်လို့ ပြောင်းပြန်ရှုမြင်ခံယူခဲ့ကြတယ်။

ဒီအယူမှားမှုကြောင့် ဒီမိုကရေစီတံခါးဖွင့်ပေးခဲ့တဲ့ နဝတအစိုးရကို ဒီမိုကရေစီရေးမဟာမိတ်အဖြစ် ရှုမြင်ခံယူရမည့်အစား ဒီမိုကရေစီရေးရန်သူ၊ စစ်အာဏာရှင်အစိုးရအဖြစ် ရှုမြင်ခံယူနေကြတယ်။

သက်ရောက်လာတဲ့အကျိုးကတော့ အာဏာရှင်စနစ် ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ အယူမှားနဲ့ ၁၉၉၀ ခုနှစ်မှာ နဝတအစိုးရက ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ၍ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ခြင်းဖြင့် ငြိမ်းချမ်းစွာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လမ်းဖွင့်ချခင်းပေးခဲ့တာကို NLD အဖွဲ့ချုပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကိုဆန့်ကျင်၊ အမျိုးသားညီလာခံက ထွက်ခွာဆန့်ကျင်ကာ နဝတအစိုးရကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ အာဏာဖီဆန်ရေး စည်းရုံးလှုံ့ဆော်မှု၊ ပြည်သူတွေမွှဲပြာကျမှ လူထုဆူပူအုံကြွမှု ဖြစ်မယ်ဆိုတဲ့အမြင်နဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဖိအားပေးရေးတောင်းဆိုမှုတွေနဲ့ လူထုဆူပူအုံကြွမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရရေးကို ဦးတည်လုပ်ဆောင်ကြိုးပမ်းခဲ့ကြတယ်။ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ အထက်ပါလုပ်ဆောင်ချက်တွေကို အနောက်အုပ်စုနိုင်ငံတွေနဲ့ သူတို့ဩဇာခံတွေက အစဉ်တစိုက် သဲသဲမဲမဲ ထောက်ခံကူညီခဲ့ကြတယ်။ ရရှိလာတဲ့ အကျိုးကတော့ အစွန်းရောက်သူ၊ တက်ကြွသူ NLD ပါတီဝင်တွေဟာ နိုင်ငံတော်တည်ငြိမ်ရေးဥပဒေနဲ့ ငြိစွန်းမှုတွေကြောင့် အဖမ်းခံ၊ အထိန်းသိမ်းခံဘဝရောက်ခဲ့ကြရပြီး ၁၉၉၀ ခု ရွေးကောက်ပွဲရလဒ်ဟာ (၁၃) နှစ်ကာလတိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတဲ့အတွက် အကောင်အထည်မဖော်နိုင်ခဲ့ဘဲ ဒိတ်အောက်ပျက်ပြယ်သွားခဲ့ရတယ်။ ဒါ့ကြောင့် တပ်မတော်အစိုးရဟာ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ကာ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့တယ်။

ဒါဟာ တပ်မတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမဲ့ စစ်အစိုးရအုပ်ချုပ်မှုကနေ ဒီမိုကရေစီ ထုံးတမ်းစဉ်လာနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရက အုပ်ချုပ်တဲ့ ပါတီစုံဒီမိုကရေစီ စနစ်သို့ စတင်အသွင်ကူးပြောင်းပေးခဲ့တာ ဖြစ်တယ်။

သို့သော် ဒီလောက် နှစ်ပေါင်း ၂၀ ကျော်ကြာအောင် မိမိတို့လမ်းစဉ် အကောင်အထည်ဖော်မရ၊ မအောင်မြင်ရတဲ့အကြောင်းရင်း (အမှား)ကို ပြန်လည်သုံးသပ်ဝေဖန်နိုင်စွမ်းမရှိတဲ့ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို စစ်အစိုးရ သက်ဆိုးရှည်ရေး ဖြစ်တယ်ဆိုပြီး ဆန့်ကျင်နေကြပြန်တယ်။

လူ့လောကမှာ စနစ်တစ်ခုမှ တစ်ခုသို့ (ဝါ) စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းရေးဟာ တန်ခိုးရှင်တွေ၊ ကာလတစ်ခုမှအယူဝါဒမှားတွေကြောင့် လူအထင်ကြီးခံလာရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေက ဖန်တီးဖော်ဆောင်ပေးလို့ ရနိုင်တာမျိုးမဟုတ်ဘဲ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် တိုးပွားလာတဲ့ ကုန်လုပ်စွမ်းအားစုတွေကသာ အပြောင်းအလဲတွေကို ဖန်တီးဖော်ဆောင်ပေးနိုင်ကြောင်းကို ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒပညာရှင်တွေက ဟောဒီလို သွန်သင်ညွှန်ပြထားခဲ့ပါတယ်။

"ကုန်လုပ်စွမ်းအားစုတွေနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ချင်း ဆက်ဆံရေးမှာ ကမ္ဘာပေါ်တွင် ဘယ်တန်ခိုးအင်အားစုတွေကမှ တားမရနိုင်တဲ့ တရားတစ်ရပ်ရှိတယ်။ အဲ့ဒါကတော့ ကုန်လုပ်ဆက်ဆံရေးတွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ အဆင့်နဲ့အညီ လိုက်၍ဖြစ်ရတယ်။"

"ကုန်လုပ်စွမ်းအားစုတွေဟာ လူ့ဆက်ဆံရေးစနစ်ထဲမှာ နေရာယူဝင်ဆံ့နေသေးတဲ့အတွက် အဲ့ဒီကုန်လုပ်စွမ်းအားစုတွေအားလုံး ဖွံ့ဖြိုးတိုးတက်မလာသေးမီ ဘယ်လူ့ဆက်ဆံရေးစနစ်ဟောင်းမှ ပျက်စီးချုပ်ငြိမ်းသွားရိုး မရှိခဲ့ဘူး။ ရုပ်ဝတ္ထုအခြေအနေစုံတွေကို အမှီပြုပြီး ကုန်လုပ်ဆက်ဆံရေးတွေ တည်ရှိနေရတာဖြစ်တယ်။"

ဒီတော့ လူ့အဖွဲ့အစည်းဟောင်းကိုယ်တိုင်ရဲ့ ဝမ်းဗိုက်ထဲမှာ ရုပ်ဝတ္ထုအခြေအနေစုံ ကြီးထွားရင့်မာမလာသေးခင် ပိုမြင့်မားတဲ့ ကုန်လုပ်ဆက်ဆံရေးအသစ်တွေ (စနစ်သစ်တွေ) ဟာ ဘယ်တော့မှ ပေါ်ပေါက်မလာဘူး။ ဒါ့ကြောင့် လူ့လောကဟာ မိမိဖြေရှင်းနိုင်စွမ်းရှိတဲ့ လုပ်ငန်းတာဝန်မျိုးတွေကိုသာ သယ်ပိုးထမ်းဆောင်လေ့ရှိတယ်။ ထို့ကြောင့် စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းလိုပါက ကုန်လုပ်စွမ်းအားစုတွေ တိုးတက်အောင်လုပ်ရမယ်။

ဒါ့ကြောင့် စစ်မှန်တဲ့ ဒီမိုကရေစီကို အမှန်တကယ် လိုလားသူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရကို ဒီမိုကရေစီရေး မဟာမိတ်အဖြစ် သဘောထားပြီး ဈေးကွက် စီးပွားရေးနဲ့ ပါတီစုံစနစ် တည်မြဲတိုးတက်ရေးအတွက် အစိုးရရဲ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ထောက်ခံပူးပေါင်းလုပ်ဆောင်ရင်း မတူညီသေးတာတွေကို မဟာမိတ်ဆက်ဆံရေးသဘောအရ ရိုးသားယဉ်ကျေးစွာဝေဖန်အကြံပေးမှုတွေဖြင့်သာ ဆက်ဆံသွားရန် လိုအပ်ပါတယ်။ ဒီသဘောထားဆက်ဆံရေးမျိုးကသာ စစ်မှန်ခိုင်မြဲသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

အနုနည်း၊ အကြမ်းနည်းတွေဖြင့် သွယ်ဝိုက်၊ တိုက်ရိုက်ဆန့်ကျင်တဲ့ နည်းတွေနဲ့ တည်ဆဲအစိုးရအပေါ် အနိုင်ယူပြီး မိမိတို့အလိုဆန္ဒကို လက်ခံရယူနိုင်အောင် လုပ်ဆောင်တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ပုံမျိုးကတော့ ဘယ်သောအခါမှ မအောင်မြင်နိုင်ကြောင်းကို ၁၉၄၈ လွတ်လပ်ရေးနဲ့အတူပေါ်ပေါက်ခဲ့တဲ့ ရောင်စုံသောင်းကျန်းမှု၊ ၁၉၈၈ လူထုဆူပူအုံကြွမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရယူနိုင်ရေးအတွက် NLD နဲ့ NLD လိုလားသူတွေရဲ့ ၁၀ စုနှစ် နှစ်ခုကျော် လုပ်ဆောင်ချက် အမှားတွေက သက်သေပြခဲ့ပြီးပါပြီ။

ဒါ့ကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တည်ဆဲအစိုးရကို တိုက်တွန်းတောင်းဆိုနေမှုတွေအစား အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်မှား၊ အမျိုးသားရင်ကြားစေ့ရေး လမ်းစဉ်အမှားတွေကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရန်ကိုသာ ကြိုးပမ်းဆောင်ရွက်သွားသင့်ကြကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

စစ်မှန်တဲ့ ဒီမိုကရေစီကို အမှန်တကယ် လိုလားသူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရကို ဒီမိုကရေစီရေး မဟာမိတ် အဖြစ်သဘောထားပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ် တည်မြဲတိုးတက်ရေးအတွက် အစိုးရရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို ထောက်ခံပူးပေါင်းလုပ်ဆောင်ရင်း မတူညီသေးတာတွေကို မဟာမိတ်ဆက်ဆံရေးသဘောအရ ရိုးသား ယဉ်ကျေးစွာ ဝေဖန်အကြံပေးမှုတွေဖြင့်သာ ဆက်ဆံသွားရန်လိုအပ်။ ဒီသဘောထား ဆက်ဆံရေးမျိုးကသာ စစ်မှန်ခိုင်မြဲသော အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာဖြစ်။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မိမိတို့ကာလတွင် ဆက်လက်ထိန်းသိမ်းနိုင်ရုံမက နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြ

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၇၃) သင်တန်း ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၄

အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိဃ်သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် ကြိုးပမ်းတည်ဆောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သောကြောင့် မကြာမီကာလတွင် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

ယနေ့ကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေအနှစ်ဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွလက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါကောင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ဤအခြေအနေ အချိန်အခါတွင် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ်မှုများလည်း ရှိနေသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအကြား တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ အယူဝါဒရေး၊ ဂိုဏ်းဂဏရေး ကွဲပြားမှုများ ပြန်လည်ခေါင်းထောင်လာစေရန် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ စနစ်တကျ လုပ်ကြံဖန်တီးမှု၊ သွေးထိုးသပ်လျှိုမှု အန္တရာယ်မှန်သမျှကို တိုင်းရင်းသားပြည်သူများအားလုံး ရှင်းလင်းစွာသိမြင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တားဆီးကာကွယ်တွန်းလှန်ဖယ်ရှားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို ဆရာ၊ ဆရာမများအနေဖြင့် ပြည်သူများသို့ အသိပေးဆောင်ရွက်နေကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကို စတင်ရယူခဲ့ချိန်ကစပြီး အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ကို အခြေခံသော နိုင်ငံရေးဦးတည်ချက်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးဦးတည်ချက်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ညီညွတ်သော လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသူ နိုင်ငံသားများဖြစ်ထွန်းစေမှုကို အခြေခံသော လူမှုရေးဦးတည်ချက်များချမှတ်ပြီး နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည့်အတွက် ယခုအခါ အခြေခိုင်ခဲ့သည့် တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ၏ အားပေးထောက်ကူမှုဖြင့် ပေါ်ထွန်းလာမည့် နိုင်ငံ့သားကောင်း သမီးကောင်း၊ လူရည်ချွန် လူရည်မွန်များ၏ ပညာရည်စွမ်းအားနှင့် နိုင်ငံတော်၏ ပင်ကိုကြွယ်ဝပြီးဖြစ်သော သယံဇာတအရင်းအမြစ်များကို ပေါင်းစည်းပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည်လည်း သိသာထူးခြားစွာ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"မြင့်မားသောရည်မှန်းချက်ကို ရောက်ရှိရေးအတွက် နိုင်ငံအတွင်း ရှိရင်းစွဲ စွမ်းရည်မှန်သမျှကို ပေါင်းစည်းဆက်စပ်ဆောင်ရွက်ခဲ့ရကြောင်း၊ ယနေ့အထိ တည်ဆောက်ရရှိခဲ့သော စွမ်းအားများသည် ပြည်တွင်းအင်အားကို စုစည်းထားသည့် စွမ်းရည်၊ နိုင်ငံနှင့် နိုင်ငံသားတို့ကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်စွမ်းရည်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် စွမ်းရည်များနှင့် ခိုင်မြဲသည့်အမိဋ္ဌာန်၊ ပြင်းပြသည့် သန္နိဋ္ဌာန်များကြောင့်ဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူလူငယ်များအား မိမိတို့နိုင်ငံကို မိမိတို့ကိုယ်တိုင် တည်ဆောက်နိုင်စွမ်းရှိသည့် ပညာရည်နှင့်ပြည့်စုံစေရန်၊ ထူးချွန်ထက်မြက်သည့် ပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အပြုသဘော အသုံးပြုတတ်သော လူရည်ချွန် လူရည်မွန်များ ဖြစ်လာကြစေရန်၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာစေရန် စည်းရုံးလေ့ကျင့်ပေးကြရမှာ ဖြစ်သကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း ပညာရေးဝန်ထမ်းကောင်း၊ နိုင်ငံ့သားကောင်း၊ သမီးမွန်များအဖြစ် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို စံနမူနာပြကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ တိုင်းရင်းသားဘိုးဘွားများ၏ အမွေအနှစ်ဖြစ်သည့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မိမိတို့ကာလတွင် ဆက်လက်ထိန်းသိမ်းနိုင်ရုံမက နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြပါ။ မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်ပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်သွားကြပါ။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ ကသအမှတ်(F-၃၂) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်း အခြေခံပညာမူလတန်းကျောင်း (ကျောက်ထရံ) မှ မူလတန်းပြဆရာ ဦးနေသူရိယဖြိုးနှင့် သင်တန်းသူစံပြဆုရ ကသအမှတ် (A-၇၇)တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အခြေခံပညာမူလတန်းကျောင်း(တလိုင်းယာ) မှ မူလတန်းပြဆရာမ ဒေါ်စုစုခိုင်တို့အား လည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကသအမှတ်(F-၇၅) ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း (ခမောတီ)မှ မူလတန်းကျောင်းအုပ် ဦးသန်းအောင်၊ သင်တန်းသူ ဖွဲ့လုံ့လဆု(၁)ရ ကသအမှတ် (A-၁၃၉) ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စမ်းစမ်းလဲ့နှင့် သင်တန်းသူ ဖွဲ့လုံ့လဆု(၂)ရ ကသအမှတ်(B-၃၈) ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၂၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်စမ်းအေးတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသား တပ်ခွဲ(၅) အဆောင်(၁)နှင့် အမျိုးသမီးတပ်ခွဲ(၅) အဆောင်(၇) တို့အား လည်းကောင်း ဆုများချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒေးဒရဲမြို့သို့ သဘောင်္ခရီးစဉ် ထွက်ခွာမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)မှ ဦးဆောင်၍ ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ၊ မြို့နယ်သားများ၏ မွေးရပ်ဇာတိမြေ ဒေးဒရဲမြို့သို့ သုံးထပ်သင်္ဘောကြီးဖြင့် ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသည့် မြို့နယ်သူ၊ မြို့နယ်သားမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများသည် ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ၀၉-၅၁၃၆၇၉၈၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁ နှင့် ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅၊ ၀၉-၅၀၁၆၁၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၁)မှော်ဘီ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

အထက(၁)မှော်ဘီ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ယင်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုကြည်မြင့် ဖုန်း-၆၂၀၃၅၀၊ ကိုမောင်ပု ဖုန်း-၆၂၀၉၀၀၊ ကိုကြည်ညွန့် ဖုန်း-၆၂၀၇၂၀၊ ကိုမြခိုင် ဖုန်း-၆၂၀၁၂၅၊ ကိုဌေးလွင် ဖုန်း-၆၂၀၁၅၉နှင့် ကိုနိုင်ထွန်းဦး ဖုန်း-၆၂၀၈၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) မြေထိန်းနံရံတည်ဆောက်ရာတွင် ကမ္ပည်းရေးထိုးလှူဒါန်းနိုင်ခြင်း အခမ်းအနား၊ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်အဆင့်ဂုဏ်ပြုဆုရရှိသူများ၊ ၂၀၀၉-၂၀၁၀ ခုနှစ် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများသည် ဦးခင်ချို ဖုန်း-၆၆၃၉၁၀၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၄၀၁၀၉၆နှင့် ဦးမြင့်ဝေ ဖုန်း-၆၈၉၅၇၅၀ တို့သို့ ဇန်နဝါရီ ၃ ရက် နောက်ဆုံးထား စာရင်းပေး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	"သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀	၇။	ကဗျာပန်းဥယျာဉ်
၈း၂၅	၈။	အတီးပြိုင်ပွဲ
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	၅။	Yan Can Cook
၁း၁၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ " ချစ်ကြိုးတစ်မျှင် "(အပိုင်း-၁)
၂း၀၀	၇။	မဟော်သဓာ(အပိုင်း-၁၃) (အားသစ်၊ ပိစိ၊ မင်းသစ်၊ သန်းသန်းဆင့်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
၂း၃၀	၈။	ရောင်စုံရေးသီတေးပန်းချီ
၂း၄၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၅	၁၀။	International News
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	လက်ဆင့်ကမ်းပေးဂီတတေး
၄း၃၀	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။	တေးဂီတအစီအစဉ်
၅း၂၀	၈။	International Science News
၅း၃၀	၉။	"ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅	၁၃။	ယဉ်တစ်ကိုယ်မယ်(ရီရီပွင့်ဖြူ)
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ"(အပိုင်း-၈)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၅)**
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၁)**
	၂၀။	ဂီတတံခါးလေးဖွင့်ပါဦး
	၂၁။	အစီအစဉ်ပြီး၏။

✪ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗိုလ်ချုပ်တင်ငွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သောင်းအေး၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေး၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကျော်ဖြိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဦးဌေးဦး၊ ဦးသောင်း၊ ဦးခင်မောင်မြင့်၊ ဦးသိန်းဆွေ၊ ဦးသိန်းဇော်၊ ဦးလွန်းသီ၊ ဒေါက်တာကျော်မြင့်နှင့် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ အောင်စစ်သည်ဆုရ ဗိုလ်လောင်း ကျော်လင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်း သက်ထွဋ်လှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ စာပေထူးချွန်ဆုရ ဗိုလ်လောင်း သန့်ဇင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက် အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၆၈၁) ဗိုလ်လောင်းကျော်လင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၃၀၁၆) ဗိုလ်လောင်း သက်ထွဋ်လှိုင်နှင့် စာပေထူးချွန်ဆု ရရှိသူ ဗိုလ်လောင်းအမှတ် (၃၀၃၅) ဗိုလ်လောင်း သန့်ဇင်ဦးတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂)မှ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်
ဆုရ ဗိုလ်လောင်း သန့်ဇင်ဦးအား
(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။
(သတင်းစဉ်)

အထက(၁)ဘားအံ အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

ဘားအံမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ဘားအံမြို့ အထက(၁) မြသံလွင်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးငွေစိုး ဖုန်း-၀၅၈-၂၁၃၇၂၊ ဦးအောင်ပိုက် ဖုန်း-၀၅၈-၂၁၃၆၇၊ ဦးအောင်သန်း ဖုန်း-၀၉-၈၇၃၀၆၉၅၊ ဦးရွှေဝင်း ဖုန်း-၀၅၈-၂၁၆၅၇၊ ဦးအောင်မျိုးသန့် ဖုန်း-၀၅၈-၂၂၂၆၈၊ ဦးသန်းအောင် ဖုန်း-၀၉-၈၇၃၁၃၂၄၊ ဆရာဦးယုနွယ် ဖုန်း-၀၉-၅၆၆၁၉၇၇၊ ဒေါ်နန်းလှယဉ်မေ (အထက-၁၊ ဘားအံ ကျောင်းအုပ်ကြီး) ဖုန်း-၀၅၈-၂၁၀၅၅၊ ဗိုလ်မှူးအောင်ဆန်း (ရေ/ငြိမ်း) ဖုန်း-၀၉-၅၁၇၄၀၅၈၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးကျင်ပိုင် ဖုန်း-၀၉-၅၀၁၁၂၂၈ နှင့် ဦးချိုကြီး ဖုန်း-၀၉-၅၀၁၀၇၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ လိုက်ပါလိုသူများအား ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင် အောင်မင်္ဂလာ အဝေးပြေးကားဝင်း ရွှေဖားစည်ကားဂိတ်မှ မှန်လုံကားဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၂-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၄၀ သုဒဿနတောင်ပေါ်မှလေးဆူ ဓာတ်ပျော် "ပြည်ရွှေဆံတော် "
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၁၅)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၂)**
၈း၄၀ Fashion Music Festival (Part-12)
၉း၁၅ Activities In The City (ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား)
၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅ အပန်းဖြေကြည့်ရှုစရာ. . . ဇာတ်ကားမိတ်ဆက်ကဏ္ဍမှာ (ကောက်ရဇာတ်ကား)
၁၀း၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပျော်ရွှင်စွာဆင်နွှဲ ဒေါင့်ချင်းဖမ်းပွဲ)
၁၀း၄၀ သွားမယ်စားမယ် (PARISIAN Cake & Coffee)
၁၁း၁၀ ဘဝအတွက်အားထားစရာ EAC
၁၁း၃၅ မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ်
၁း၀၀ "ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Goals of the week
၂း၄၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင် Garden Style ပန်းအိုးထိုးနည်း)
၃း၀၀ Activities In The City (ခေတ်ဦးစတီရီယိုအနုပညာရှင်များ၏နှစ်(၄၀)ပြည့်အထိမ်းအမှတ် ဂီတပွဲ(ရန်ကုန်))
၃း၁၅ ဆံသားကျန်းမာရေးကို သဘာဝကျကျ ထိန်းသိမ်းတတ်စေဖို့
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၂)**
၄း၄၅ Activities In The City (General ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နှင့်ညစာစားပွဲ)
၅း၀၀ Sports Diary
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk (ကမ္ဘာ့ရုပ်ရှင်နေ့)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၆)**
၇း၃၀ Fashion Music Festival (Part-13)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မင်္ဂလာရက်မြတ်များဆီသို့
၈း၃၅ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ကျိုက်သလ္လံစေတီတော်ဝယ်
၈း၄၅ ဖက်ရှင်လမ်းညွှန် (Wedding World)
၈း၅၀ ပန်းချီပြခန်း (7 Artists Art Exhibition)
၉း၀၅ VJ Choice (ကိုပြုံးချို)
၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ " အရိပ်စစ် (အပိုင်း-၈၃)
၁၀း၀၀ **Miss Universe 2010**
၁၁း၁၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ဟာသသရုပ်ဆောင်ငြိမ်းချမ်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၄၀ နှင်းပွင့်လေးတွေနှင့်တွဲဖက် ဆွယ်တာလေးတွေစွဲမက်
၁၁း၅၅ World of Knowledge (Second From Disaster TITANIC)
၁၂း၄၅ ခါတလှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ
၁၂း၅၅ ဆန်းသစ်တီထွင် COAT ဖက်ရှင် (အပိုင်း-၃)
၁း၃၀ ပန်းတိုင်အထွက်တိုးစေဖို့. . . နွေနှမ်းစိုက်ကြစို့
၁း၄၅ **Celebrity Profile (Rain)**
၂း၁၅ ဇီဝိတဒါန သွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ဌက်ပျောကြော်၊ ချစ်သုဝေ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၂း၂၀ ရတနာရွှေသိုက်
၂း၃၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Pluto Pet Shop)
၂း၅၅ ဘယ်သွားသွားသိနေတဲ့ Real Time GPS Tracking System
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ရှေ့သို့ ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း(EFR ရော်ဘာစက်ရုံ)
၄း၃၀ ပဒုမ္မာကြာနွယ်ရိုးမှသည်
၄း၅၀ ဖူးစို့ဘုရားစုံမြို့ဖျာပုံ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

...ာက်ရောက်

...၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ
(သတင်းစဉ်)

ကျုံဒိုးမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ကျုံဒိုး ဒီဇင်ဘာ ၂၄

ကျုံဒိုးမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် လည်းကောင်း ကျုံဒိုးအထကခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဦးစောအလက်ဇန္ဒား ဖုန်း-၀၉-၅၀၇၄၄၇၄၊ ဦးမြတ်ကိုကို ဖုန်း-၀၉-၅၁၉၉၉၅၅၊ ဒေါ်နော်နီလာမင်း ဖုန်း-၀၉-၅၁၃၆၅၆၀၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၅၀၃၈၅၇၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၈၇၃၀၄၄၆၊ ဒေါက်တာမျိုးအောင် ဖုန်း-၀၉-၈၇၀၂၄၆၁၊ ဒေါ်သန်းချို ဖုန်း-၀၅၈-၂၁၈၁၈၊ မန်းရဲနောင် ဖုန်း-၀၉-၄၉၂၈၄၅၉၀၊ ဦးအောင်ငွေရ ဖုန်း-၀၅၈-၅၀၄၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လပွတ္တာအသင်း(ရန်ကုန်) ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ရာသက်ပန်အသင်းဝင်များ၏ သား၊ သမီးများအနက် သင့်တော်သူများအား ၂၀၁၁ ခုနှစ် တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးချီးမြှင့်မည်ဖြစ်ရာ ရန်ကုန်မြို့တွင် အသင်းဥက္ကဋ္ဌ ဦးကောင်းရင် ဖုန်း-၆၆၃၀၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၇၀၃၀၇၇၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈ နှင့် လပွတ္တာမြို့တွင် ဌာနေအမှုဆောင် ဦးနေဝင်း၊ ဦးတင်ဆိုင်၊ ဦးတင်ဦး၊ ဦးတင်အောင်တို့ထံ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇီဝ မျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ယူအက်ဖ်အိုများအကြောင်း အသေးစိတ်ဖော်ပြထားသော မှတ်တမ်းများ နယူးဇီလန်ထုတ်ပြန်

ဝယ်လ်လင်တန် ဒီဇင်ဘာ ၂၄

နယူးဇီလန်စစ်ဘက်က ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သော လျှို့ဝှက်မှတ်တမ်းများထဲတွင် ပျံသန်းနေသောအမျိုးအမည်မသိ အရာဝတ္ထု(ယူအက်ဖ်အို)များ မြင်တွေ့မှုများကို အသေးစိတ်ဖော်ပြထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

နယူးဇီလန်စစ်ဘက် လျှို့ဝှက်မှတ်တမ်းများတွင် ပျံသန်းနေသော ပန်းကန်ပြားပျံ ပုံသဏ္ဌာန် အရာဝတ္ထုများအပြင် ကောင်းကင်ယံ၌တွေ့ရှိရသော ထူးဆန်းသည့် အလင်းရောင်များအကြောင်းကိုပါ ဖော်ပြထားကြောင်း သိရသည်။

ယူအက်ဖ်အိုများနှင့်ပတ်သက်သော သတင်းအချက်အလက် ထောင်ပေါင်းများစွာကို နယူးဇီလန်စစ်ဘက်က အထူးလျှို့ဝှက်ချက်များအဖြစ် နှစ်ပေါင်း ၅၀ ကျော်မျှ ထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

ယူအက်ဖ်အိုမြင်တွေ့ရမှု အများစုသည် ဥက္ကာခဲကြွေကျခြင်းနှင့် အလင်းပြန်ခြင်းကဲ့သို့သော သဘာဝဖြစ်စဉ်များဖြစ်ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ထုတ်ပြန်ခဲ့သော လျှို့ဝှက်မှတ်တမ်းများထဲ၌ နယူးဇီလန်နိုင်ငံတောင်ပိုင်း ကိုင်ကိုရာကျွန်းမြို့၌ ၁၉၇၈ ခုနှစ်က ဖြစ်ပွားခဲ့သော နာမည်ကျော် ယူအက်ဖ်အို ဒဏ္ဍာရီတစ်ခုအကြောင်းလည်း ဖော်ပြထားသည်။

ယင်းဖြစ်စဉ်အရ ကုန်တင်လေယာဉ်တစ်စင်းက ၎င်းနောက်သို့ ထက်ကြပ်မကွာ လိုက်နေသော ထူးဆန်းသည့် အလင်းရောင်များနှင့်ပတ်သက်၍ သတင်းပေးပို့ခဲ့သည်။ လေကြောင်းထိန်းသိမ်းရေးတာဝန်ရှိသူများသည် အဆိုပါ ထူးဆန်းသော အလင်းရောင်များကို ရေဒါမြင်ကွင်းပေါ်၌ အစက်အပြောက်များအဖြစ် ထောက်လှမ်းနိုင်ခဲ့သော်လည်း မည်သည့်အရာများဖြစ်ကြောင်း ဂဃနဏရှင်းပြနိုင်ခြင်းမရှိခဲ့ပေ။

အဆိုပါ လျှို့ဝှက်မှတ်တမ်းများကို နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့က သတင်းအချက်အလက် လွတ်လပ်ခွင့်အရ ဒီဇင်ဘာ ၂၂ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အေပီ။



ပျံသန်းနေသော အမျိုးအမည်မသိ အရာဝတ္ထု (ယူအက်ဖ်အို)များကို ကွန်ပျူတာဖြင့် ပုံဖော်ထားသည်ကို တွေ့ရစဉ်။

အမေရိကန် နျူလက်နက်များအရေး တူရကီနိုင်ငံ စုံစမ်းနေ

အန်ကာရာ ဒီဇင်ဘာ ၂၄

တူရကီနိုင်ငံ၏ အင်ဆာလစ်ခ်လေတပ်အခြေစိုက်စခန်းတွင် အမေရိကန်ပြည်ထောင်စုက နျူကလီးယားဗုံး အလုံး ၉၀ ချထားသည်ဟု ဖော်ပြထားသောသတင်းကို တူရကီပါလီမန်အမတ်များက ဆွေးနွေးနေကြကြောင်း ကြာသပတေးနေ့ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

"ဥရောပမှ အမေရိကန် နျူကလီးယားလက်နက်များ"ဟု ခေါင်းပေးထားသော သတင်းတွင် တူရကီ၌ "ဘီ-၆၁" အမျိုးအစား နျူကလီးယားဗုံး ၉၀ ရှိကြောင်း၊ အားလုံးမှာ အင်ဆာလစ်ခ်လေတပ်အခြေစိုက်စခန်းတွင်ရှိကြောင်း တင်ပြထားသည်။ အဆိုပါသတင်းကို တူရကီသတင်းစာတစ်စောင်ဖြစ်သော "ဟာရီယက်"သတင်းစာက ၎င်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

စာရင်းများအရ "ဘီ-၆၁"ဗုံး အလုံး ၅၀ကို အမေရိကန်ဗုံးကြဲလေယာဉ်များတွင် တပ်ဆင်ထားရှိပြီး ကျန်အလုံး ၄၀ ကို တူရကီလေတပ်လေယာဉ်များတွင် တပ်ဆင်မည် ဟု ဆိုသည်။

စစ်အေးကာလ လွန်မြောက်ခဲ့ပြီးနောက် ဆယ်စုနှစ်များကြာသည့်တိုင်အောင် တူရကီပိုင်နက်အတွင်း၌ ယင်းနျူကလီးယားဗုံးများရှိနေရခြင်း အကြောင်းရင်းကို တူရကီပါလီမန်အမတ် ရှုတ်ဂူအီလက်ဒတ်ဂျ်က မေးမြန်းခဲ့ကြောင်း သတင်းစာက ရေးသားသည်။

အင်ဆာလစ်ခ်လေတပ်စခန်း၌ အမေရိကန်နျူကလီးယားဗုံးများချထားရန် တူရကီနိုင်ငံက သဘောတူလက်ခံခြင်းကို အိမ်နီးချင်းအာရပ်နိုင်ငံများအား ရှင်းပြရန်မှာ လွယ်ကူလှမည် မဟုတ်ကြောင်း အီလက်ဒတ်ဂျ်က ပြောကြားသည်။

အင်တာနက်။

ဆာဘီးယားမှ နျူစွန့်ပစ်ပစ္စည်း နှစ်တန်ကျော် ရုရှားသို့ ပြန်လည်ပို့ဆောင်

ဗီယင်နာ ဒီဇင်ဘာ ၂၄

ဆာဘီးယားနိုင်ငံရှိ အသုံးပြုခြင်းမရှိတော့သည့် နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုမှ ရေဒီယိုသတ္တိကြွ နျူကလီးယား စွန့်ပစ်ပစ္စည်းနှစ်တန်ကျော်ကို ရုရှားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဆာဘီးယားနိုင်ငံ ဗင်ကာနျူကလီးယားဓာတ်ပေါင်းဖိုမှ ထွက်ရှိခဲ့သော နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့် အခြေအနေနီးပါးရှိသော သန့်စင်ပြီးယူရေနီယမ် ၁၃ကီလိုဂရမ်နှင့် နျူကလီးယားစွန့်ပစ်ပစ္စည်း ၂ ဒသမ ၇၆ တန်တို့သည် ရုရှားနိုင်ငံ နျူစွန့်ပစ်ပစ္စည်းပြန်လည်ပြုပြင်ရေးစက်ရုံသို့ ဒီဇင်ဘာ ၂၂ ရက်က ဆိုက်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်ကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ ကြီးကြပ်မှုဖြင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပမာဏအများဆုံးနျူကလီးယားစွန့်ပစ်ပစ္စည်း ပြန်လည်ပို့ဆောင်မှုတစ်ရပ်လည်းဖြစ်ကြောင်းသိရသည်။

ဗင်ကာ နျူကလီးယားဓာတ်ပေါင်းဖိုမှ နျူစွန့်ပစ်ပစ္စည်းများ ဆာဘီးယားနိုင်ငံမှရုရှားနိုင်ငံရှိ ပြန်လည်ပြုပြင်ရေးစက်ရုံအထိရောက်ရှိရန် တစ်လကျော်မျှ အချိန်ယူခဲ့ရကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ပြောကြားသည်။

အေပီ။



ဗင်ကာ နျူကလီးယားဓာတ်ပေါင်းဖိုမှ နျူကလီးယားစွန့်ပစ်ပစ္စည်းများကို ရွှေ့ပြောင်းသယ်ယူစဉ်။

နျူလက်နက်ထိန်းချုပ်ရေးစာချုပ်သစ် အပြည့်အဝအတည်ပြုရေး ရုရှားဒူးမားလွှတ်တော် ကာလရွှေ့ဆိုင်း

မော်စကို ဒီဇင်ဘာ ၂၄

အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို အနည်းဆုံး လာမည့်လတိုင်အောင် အပြည့်အဝ သဘောတူညီချက်ပေးလိမ့်ဦးမည်မဟုတ်ကြောင်း ရုရှားပါလီမန် အောက်လွှတ်တော်က ယနေ့ပြောကြားလိုက်သည်။

လက်နက်ထိန်းချုပ်ရေး စနစ်နှင့် ပတ်သက်၍အကြိုသဘောတူညီချက်မှတ်နိုင်ရန် ရုရှားဒူးမားလွှတ်တော်သည် ၂၀၁၀ ခုနှစ်၏ နောက်ဆုံးအစည်းအဝေးကို သောကြာနေ့က ပြုလုပ်ခဲ့သည်။

အစည်းအဝေးရလဒ်များအရ လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို အစောဆုံး လာမည့်လတွင် အပြည့်အဝအတည်ပြုနိုင်ဖွယ်ရှိကြောင်း ဒူးမားလွှတ်တော် နိုင်ငံရေးကောင်စီဥက္ကဋ္ဌ ကွန်စတန်တင်ကိုဆာချက်ဗ်က ပြောကြားသည်။

ရုရှားနှင့်အမေရိကန်အကြား လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို အမေရိကန်အောက်လွှတ်တော်က ဒီဇင်ဘာ ၂၂ ရက်၌ အတည်ပြုခဲ့သည်။ ယင်းစာချုပ်အရ ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့အသီးသီး ဖြန့်ကြက် ထားသော နျူလက်နက်အရေအတွက်ကို ၂၂၀၀ မှ ၁၅၅၀ အထိ လျှော့ချပေးရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က သက်တမ်းကုန်ဆုံးခဲ့သော လက်နက်ထိန်းချုပ်ရေးစာချုပ်ဟောင်းပါ စည်းမျဉ်းများဖြစ်သည့် နျူကလီးယားလက်နက် စောင့်ကြည့်ရေးနှင့် စစ်ဆေးအတည်ပြုရေးဟူသော စည်းမျဉ်းများကိုလည်း ယခုစာချုပ်သစ်အရ ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

အေပီ။

လက်ဘနွန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု စံချိန်တင်

ဘေရွတ် ဒီဇင်ဘာ ၂၄

လက်ဘနွန်နိုင်ငံတွင် နိုင်ငံရေးတင်းမာမှုများ ဆက်လက်ပေါ်ပေါက်နေလင့်ကစား ယခုနှစ် ပထမ ၁၁ လတာကာလအတွင်း ကမ္ဘာလှည့်ခရီးသည်လာရောက်မှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ဘနွန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုသည် ယခုနှစ် ပထမ ၁၁ လတာကာလအတွင်း နှစ်သန်းကျော်ရှိခဲ့သည်။ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုနှုန်း ၁၇ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံသို့ အလည်အပတ်လာရောက်သူအများစုမှာ အာရပ်လူမျိုးများဖြစ်ကြပြီး ခရီးသည်စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းခန့်ရှိသည်။ ဥရောပတိုက်သား ကမ္ဘာလှည့်ခရီးသည်များမှာ ၂၅ ရာခိုင်နှုန်းခန့် ရှိသည်။

အင်တာနက်။

ပင်လယ်ဓားပြတိုက်ဖျက်ရေး ညီလာခံတစ်ရပ်၌ အမေရိကန်နိုင်ငံနှင့်အတူ အီရန်လည်းပါဝင်ခဲ့

တီဟီရန် ဒီဇင်ဘာ ၂၄

ယခုလအစောပိုင်းက ကျင်းပခဲ့သော ပင်လယ်ဓားပြအန္တရာယ်ကာကွယ်ရေး ဆွေးနွေးပွဲတစ်ခုတွင် အခြားကိုယ်စားလှယ်များနှင့်အတူ အမေရိကန်နှင့် အီရန်ရေတပ်တို့မှ တပ်မှူးများလည်း ပါဝင်ခဲ့ကြောင်း အီရန်နိုင်ငံပိုင် သတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပင်လယ်ဓားပြရန် ကာကွယ်ရေး နိုင်ငံတကာညီလာခံကို သီရိလင်္ကာနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံတို့မှ တာဝန်ရှိသူများနှင့်အတူ အီရန်ရေတပ်ယာယီအကြီးအကဲ ဗိုလ်ချုပ်ကြီး ဂိုလမ်းရီဇာခါအမ်ဘစ်ဂမ်လည်း တက်ရောက်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ အစည်းအဝေးသည် ၁၉၇၉ ခုနှစ်၌ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့မှ စစ်ရေးခေါင်းဆောင်များ ပထမဆုံးအတူတကွ တက်ရောက်ခဲ့သော ညီလာခံတစ်ရပ် ဖြစ်နိုင်ဖွယ်ရှိသည်။

သို့ရာတွင် ယင်းညီလာခံ၌ အမေရိကန်နှင့် အီရန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတို့ တိုက်ရိုက်ဆွေးနွေးခဲ့ခြင်း ရှိမရှိကို သတင်းတွင်ဖော်ပြထားခြင်းမရှိပေ။

အေပီ။

အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရှိခြင်းကြောင့် မွမ်ဘိုင်းမြို့၌ လုံခြုံရေးအရ အသင့်ပြင်ထား

မွမ်ဘိုင်း ဒီဇင်ဘာ ၂၄

အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်ရန် မွမ်ဘိုင်းမြို့တွင်းသို့ ဝင်ရောက်လာသည်ဟု ယုံကြည်ရသူ လေးဦးကို အိန္ဒိယရဲတပ်ဖွဲ့က ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ် မွမ်ဘိုင်း တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း စွဲချက်အတင်ခံထားရသော ပါကစ္စတန်အခြေစိုက် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်လေးဦးတို့ မွမ်ဘိုင်းမြို့တော်တွင်း ဝင်ရောက်လာသည်ဆိုသော ခိုင်လုံသောသတင်းများကို ရရှိပြီးဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မွမ်ဘိုင်းမြို့တွင်းသို့ ဝင်ရောက်လာသူ စစ်သွေးကြွလေးဦးသည် အားလပ်ရက်ရာသီအတွင်း အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်ရန် ကြံစည်နေကြောင်း ယုံကြည်ရသည်။

၂၀၀၈ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၆၆ ဦး သေဆုံးခဲ့ရသော တပ်ဂျ်မဟာနန်းတော် ဟိုတယ်ဝန်းကျင်၌ လမ်းများကို ပိတ်ဆို့ထားပြီး ပြည်ပကောင်စစ်ဝန်ရုံးများ အပါအဝင် အရေးကြီးသော နေရာများ၌လည်း လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များကို အင်အားဖြည့်ချထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်အခြေစိုက် လက်ရှ်ကာအီးတိုင်ဘာ စစ်သွေးကြွအဖွဲ့မှ အဖွဲ့ဝင်လေးဦးတို့သည် ခရစ္စမတ်ပွဲတော်ရာသီအတွင်း အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေခြင်းကြောင့် ဒေသခံအများပြည်သူများအနေဖြင့် အန္တရာယ်ကို အထူးဂရုပြုကြရန် မွမ်ဘိုင်းရဲတပ်ဖွဲ့က သတိပေးထားသည်။

အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် ဂရုပြုရေးသတိပေးချက်ကို မွမ်ဘိုင်းမြို့တော်ရဲတပ်ဖွဲ့က ထုတ်ပြန်ခြင်းသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

စစ်သွေးကြွလေးဦးအနက်မှ တစ်ဦး၏ ရုပ်အင်္ဂါအကြမ်းဖျင်းကို အထူးအဖွဲ့တစ်ဖွဲ့က ကွန်ပျူတာဖြင့် ပုံဖော်ထုတ်ယူထားနိုင်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အေအက်ဖ်ပီ။

မွမ်ဘိုင်းမြို့အဝင် မုခ်ဦးအနီး ကင်းလှည့်နေသော အိန္ဒိယရဲတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်၌ ယနေ့ ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် ပေါင်းလောင်းအားကစားကွင်း၌ တပ်မတော်(ရေ)အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁) အားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် တပ်မတော်(လေ)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပထမဦးဆုံး Online ကုန်စည်ပြပွဲ ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

IBiz Informatic Business Co., Ltd. က မြန်မာနိုင်ငံတွင် ပထမဦးဆုံး Online ကုန်စည်ပြပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။

Online ကုန်စည်ပြပွဲနှင့် ပတ်သက်၍ UMFCCI ဒုတိယဥက္ကဋ္ဌ၊ IBiz Founder ဦးဝင်းထွန်းနှင့် ဝါရင့်ကွန်ပျူတာပညာရှင်တစ်ဦးတို့က မြန်မာနိုင်ငံတွင် Online ကုန်စည်ပြပွဲ ဖွင့်လှစ်ရခြင်းအကြောင်းနှင့် အရေးပါမှု၊ Online Shopping Mall, Online Banking System နှင့် Ecommerce နှီးနွှယ်နေမှုတို့ကို ဆွေးနွေးကြမည်ဖြစ်ရာ Idea အသစ်ဖြင့် လုပ်ငန်းပိုမိုအောင်မြင်လိုသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်ဟု သိရှိရသည်။ Online ကုန်စည်ပြပွဲကို www. myanmar expo. net တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)

မန္တလေး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဝိနယနယူပဒေသကျောင်း မဟာနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမိဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဝိနယနယူပဒေသကျောင်း မဟာနာယက ဆရာတော် မဟာမုနိဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ချမ်းသာကြီး ဆန်လှူအသင်း၏ ဩဝါဒါစရိယ ရွှေဘိုမြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲကြီး၏ ဩဝါဒါစရိယ ပရိယတ္တိသာသနဟိတ(သကျသီဟ) အသင်းကြီး၏ ဩဝါဒါစရိယ မန္တလေးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသာမိဘိဝံသ သက်တော်(၈၈)၊ သိက္ခာတော်(၆၉)ဝါသည် (၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်) ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် သောကြာနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်)၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ နံ့သာထင်းမျိုးစုံဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြည်ညို သံဝေဂယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း

ဘယ်ကိုသွားမလဲ ဘင်နီတက်ဇ်...

ဝင်းတင်(ကြေးမုံ)

လန်ဒန် ဒီဇင်ဘာ ၂၄

အီတလီစီးရီးအေမှ အင်တာမီလန်အသင်း၏ နည်းပြဖြစ်သူ ရာဖေးဘင်နီတက်ဇ် လတ်တလောအချိန်တွင် အသင်းလက်မဲ့ဖြစ်လျက်ရှိနေပြီ ဖြစ်သည်။ အင်တာမီလန်အသင်းကို ခြောက်လသာ ကိုင်တွယ်ခွင့်ရရှိခဲ့သည့် ဘင်နီတက်ဇ်သည် အင်တာမီလန်အတွက် မာဇမ်ဘီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူပြီး ကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့သော်လည်း စီးရီးအေတွင်တော့ ရုန်းကန်နေခဲ့ရသည်။

အင်တာမီလန်အသင်းသည် နည်းပြဟောင်း မော်ရင်ဟိုလက်ထက်က အောင်မြင်မှုများ ရရှိခဲ့သော်လည်း ဘင်နီတက်ဇ်လက်ထက်တွင် ရလဒ်များ ဆက်တိုက်ဆိုးရွားပြီး အဆင့်(၇) ရောက်သည်အထိ အခြေအနေ ဆိုးရွားခဲ့ရသည်။ သို့အတွက်ကြောင့် အင်တာမီလန်အသင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည့် အပယ်ခံဘင်နီတက်ဇ်မှာ အသင်းလက်မဲ့ဖြင့် အနာဂတ်အရေး ဝိုးတဝါး ဖြစ်နေရသည်။

ဘင်နီတက်ဇ်အနေဖြင့် အင်တာမီလန်အသင်းသို့ မရောက်မီ ဗလင်စီယာကို ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှုအသင့်အတင့် ရရှိသကဲ့သို့ လီဗာပူးသို့ ရောက်ရှိလာချိန်တွင်လည်း ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခြင်းမရှိခဲ့ပေမယ့် ၂၀၀၅ ခုနှစ်က အေစီမီလန်အသင်းကို သုံးဂိုးပြတ်ရှုံး နေရာကနေ ပွဲအပြီးမှာ အနိုင်ရအောင်စွမ်းဆောင်ပြီး ချန်ပီယံလိဂ်ဆုဖလားကြီးကို ကိုင်မြှောက်နိုင်ခဲ့သည့် အရည်အချင်းရှိ နည်းပြတစ်ဦး ဖြစ်ခဲ့သည်။

လက်ရှိအသင်းလက်မဲ့ဖြစ်နေချိန်တွင် "ဘယ်အသင်းကို သွားမှာလဲ" ဆိုသည့် မီဒီယာများ၏ မေးခွန်းထုတ်မှုအပေါ် တိတိကျကျ အဖြေပေးနိုင်ခြင်း မရှိသေးပေ။ သို့သော် ဘင်နီတက်ဇ်အနေဖြင့် အင်္ဂလိပ်ပရီမီယာလိဂ်သို့ ပြန်လာချင်ဖွယ်ရှိနေပြီး အသင်းဟောင်း လီဗာပူးပရိသတ်များကလည်း လက်ရှိနည်းပြ ရွှိုင်းဟော့ဒ်ဆန်၏ နေရာတွင် အစားထိုးခန့်ထားရန်လိုလားနေကြသည်။ ဝက်စ်ဟမ်းအသင်းကလည်း လက်ရှိနည်းပြကို ထုတ်ပယ်၍ ဘင်နီတက်ဇ်ဖြင့် အစားထိုးရန် ကမ်းလှမ်းလာဖွယ်ရာရှိနေသည်။

သို့သော် ဘင်နီတက်ဇ်ကဲ့သို့ နည်းပြမျိုးက ဝက်စ်ဟမ်းလိုအသင်းမျိုးကို စဉ်းစားဖွယ်မရှိဟုအများက သုံးသပ်နေကြပြန်သည်။ လီဗာပူးပရိသတ်နှင့် ကစားသမားများက ဘင်နီတက်ဇ်ကို ပြန်လည်လိုလားနေသကဲ့သို့ လီဗာပူး ပိုင်ရှင်သစ်ဂျွန်ဟင်နရီကသာ လက်ခံမည်ဆိုပါက ၎င်းအနေဖြင့် ကြိုးကြာနီများကို ဦးဆောင်ရန် အန်ဖီးလ်သို့ ပြန်လည်ခြေချဖွယ်ရာရှိနေသည်။ ***အင်တာနက်။***

လီဗာပူးကို ကိုင်တွယ်ခဲ့စဉ်က ၂၀၀၅ ခုနှစ် ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့သည့် ဘင်နီတက်ဇ်။

မိုက်ကယ်အိုဝင်အား မန်ယူတွင် ပြန်လည်မြင်တွေ့ရတော့မည်

မန်ချက်စတာ ဒီဇင်ဘာ ၂၄

ဒဏ်ရာပြဿနာကြောင့် မကြာခဏ အနားယူနေရသည့် မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုအချိန်တွင် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်၍ အသင်းနှင့်အတူ လေ့ကျင့်ခန်း ဆင်းနေပြီဖြစ်သည်။

မိုက်ကယ်အိုဝင်သည် ပြီးခဲ့သည့် အောက်တိုဘာ ၂ ရက်နေ့က ပရီမီယာလိဂ်ပွဲစဉ်(၇)အဖြစ် ဆန်းဒါးလန်းကို သရေကျခဲ့သည့်ပွဲတွင် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် မိုက်ကယ်အိုဝင်မှာ ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ခြင်းကြောင့် နှစ်သစ်ကူးမတိုင်မီ ကစားရမည့် ဆန်းဒါးလန်း၊ ဘာမင်ဂမ်နှင့် ဝက်စ်ဘရွန်းတို့နှင့် ပွဲများတွင် ပြန်လည်ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်း၏ တိုက်စစ်တွင် ဝိန်းရွန်နေး၊ ဘာဘာတော့ဗ်၊ ဟာနန်ဒက်ဇ်၊ မိုက်ကယ်အိုဝင်တို့ဖြင့် လူစုံနေပြီ ဖြစ်သည်။ **အင်တာနက်။**

ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး သံသယဝင်နေရဆဲဖြစ်ကြောင်း ဖာဂူဆန် ဝန်ခံ (၁၉)ကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဖာဂူဆန်ရယူပေးနိုင်မည်ဟု ဖာဒီနန်ထောက်ခံ

မန်ချက်စတာ ဒီဇင်ဘာ ၂၄

မန်ချက်စတာယူနိုက်တက်အသင်း၏ မန်နေဂျာဖာဂူဆန်က သူ့အနေဖြင့် သူ၏ မန်နေဂျာစွမ်းဆောင်ရည်အပေါ် သံသယဝင်မိသည့် အချိန်များရှိနေသေးကြောင်း ထုတ်ဖော်ဝန်ခံခဲ့သည်။

ဂုဏ်ထူးဝင်နည်းပြကြီး ဆာမက်စ်ဘက်စ်ဘီ၏ စံချိန်ကို ကျော်ဖြတ်ပြီး သူ့ရဲ့နီတို့၏ သက်တမ်းအရှည်ဆုံး မန်နေဂျာအဖြစ် မှတ်တမ်းဝင်ထားသော ဖာဂူဆန်သည် သူ၏ လုပ်သက် ၂၄ နှစ်အတွင်း အိုးထရက်ဖို့ဒ်သို့ အောင်မြင်မှုပေါင်းများစွာ ဆောင်ကြဉ်းပေးနိုင်ခဲ့သူ ဖြစ်သည်။

ယခု ခရစ္စမတ်ကာလတွင် မန်ယူသည် ပရီမီယာလိဂ်ဇယားကို ဦးဆောင်နေပြီး ယခုနှစ်တွင် မန်ယူသာ ပရီမီယာလိဂ်ဖလားရရှိခဲ့ပါက ပြည်တွင်းလိဂ်ဖလား ၁၉ လုံးမြောက်ရရှိမည်ဖြစ်ပြီး အင်္ဂလန်၏ အအောင်မြင်ဆုံးအသင်းဟူသည့် ဂုဏ်ပုဒ်ကို လီဗာပူးအသင်းထံမှ လွှဲပြောင်းရယူနိုင်မည်ဖြစ်သည်။

သို့သော် အောင်မြင်မှုများ ရရှိနေသော်လည်း ဖာဂူဆန်က သူ့အနေဖြင့် အသင်းအတွက် လူရွေးချယ်မှုများပြုလုပ်ရာတွင် သူ့ကိုသူ မေးခွန်းပြန်ထုတ်ရသော အချိန်များ ယခုတိုင် ရှိနေသေးကြောင်း ဝန်ခံခဲ့သည်။

"နည်းပြတယ်ဆိုတာက ဆုံးဖြတ်ချက်ချရတဲ့အလုပ်ပါပဲ။ တစ်ခါတလေတော့ အဲဒီဆုံးဖြတ်ချက်တွေက အပြုသဘောဆောင်ပြီး ကောင်းပါတယ်။ တစ်ခါတလေကျပြန်တော့လည်း ဆုံးဖြတ်ချက်အမှားတွေလုပ်မိပြီး တစ်ခြားပုံစံတစ်မျိုးနဲ့ တိုက်စစ်ဆင်ခဲ့မိတယ်။ အခြားတစ်ခုခု လုပ်ခဲ့မိသင့်တယ်လို့ ခံစားမိပြန်ရော" ဟု ဖာဂူဆန်က ဆိုသည်။

ဖာဂူဆန်က သူ့အားနည်းချက်ကို ဝန်ခံခဲ့သော်လည်း အသင်း၏ ခံစစ်မှူး ဖာဒီနန်ကမူ ဖာဂူဆန်သည် မန်ယူအသင်းကို အောင်မြင်မှုများ ပိုမိုရရှိအောင် ဦးဆောင်နိုင်ဦးမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

"မန်နေဂျာရဲ့ ဆန္ဒပြင်းပြမှုကိုလည်း အားလုံးမျက်မြင်ပါပဲ။ နှစ်တွေ ဘယ်လောက်ကြာကြာ လျော့မသွားဘူး။ သူဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံတွေရဲ့ အစိတ်အပိုင်းလေးတွေတောင်မှ တကယ့်ကို ကြီးကြီးမားမားကြီးတွေပဲ"ဟု ဖာဒီနန်က ဆိုသည်။ ***အင်တာနက်။***



ဖာဂူဆန်၏ ဦးဆောင်မှုကို အပြည့်အဝယုံကြည်ထောက်ခံသည့် မန်ယူ နောက်တန်းကစားသမား ဖာဒီနန်။

စိုးတင့်နိုင်

ဘာစီလိုနာမှ ဇာဗီ ၂၀၁၀ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် အရွေးခံရ

ဘာစီလိုနာ ဒီဇင်ဘာ ၂၄

ဘာစီလိုနာအသင်းမှ စပိန်လက်ရွေးစင် ကွင်းလယ်ကစားသမား ဇာဗီသည် ၂၀၁၀ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ဆုချီးမြှင့်ခြင်းခံရသည်။

အသက် ၃၀ အရွယ်ရှိ ဇာဗီသည် ဗြိတိန်နိုင်ငံ အထင်ကရမဂ္ဂဇင်းတစ်စောင်၏ စာဖတ်ပရိသတ်များ၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းမဲဖြင့် သူ၏အသင်းဖော် လီယွန်နယ်မက်ဆီအား ပွတ်ကာသီကာဖြင့် ကျော်ဖြတ်၍ အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ မက်ဆီသည် ၂၄ ဒသမ ၁ ရာခိုင်နှုန်းမဲဖြင့် ဒုတိယရရှိပြီး၊ ဘာစီလိုနာကွင်းလယ်ကစားသမား အင်ဒရက်စ် အင်နီယေစတာက ပဉ္စမနှင့် ဘာကာတိုက်စစ်မှူး ဒေးဗစ်ဗီလာက သတ္တမ အကောင်းဆုံးအဖြစ် သတ်မှတ်ခြင်းခံရသည်။

ကမ္ဘာ့ဖလားချန်ပီယံ စပိန်အသင်းနှင့် ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ်ဖလားရရှိခဲ့သူ အင်တာမီလန်အသင်းတို့ပြီးလျှင် ၂၀၁၀ခုနှစ် ကမ္ဘာ့တတိယအကောင်းဆုံး ဘောလုံးအသင်းအဖြစ် ဘာစီလိုနာအသင်းအား သတ်မှတ်ခဲ့သည်။

အင်တာနက်။

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် သုညဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မြိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၂၅ ရက် ညနေအထိခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ခင်း စုစုပေါင်း ၇၃၀၉ ဒသမ ၉၃ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၄

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများရှာဖွေ ဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ ဘိန်းခင်း ၅၇၄၅ ဒသမ ၀၃ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဘိန်းခင်း ၁၅၆၄ ဒသမ ၉ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၇၃၀၉ ဒသမ ၉၃ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၁၅၆၄ ဒသမ ၉ ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်နှင့် ကလောမြို့နယ်များအတွင်းမှ ၁၂၇၀ ဒသမ ၃၅ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းတုံမြို့နယ်များအတွင်းမှ ၁၉၉ ဒသမ ၁ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ တန့်ယန်း၊ သိန်းနီ၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်များအတွင်းမှ ၁၅၆၄ ဒသမ ၉ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ဗိုလ်လောင်း တပ်ခွဲများစစ်ဆေး

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ကျောင်းဆင်း ဗိုလ်လောင်း တပ်ခွဲများကို စစ်ဆေးစဉ်။

(သတင်းစဉ်)